ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ကျောက်ကြီးမြို့နယ်



လူထု ဗဟိုပြုစီမံကိန်း

National Community Driven Development

(NCDDP)

ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)

ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ

၂၀၁၈ခုနှစ်

မာတိကာ


စဉ် အကြောင်းအရာ

၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ (တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သောPRA Toolsများနှင့် တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ(အသုံးပြုခဲ့သောPRA Toolsတစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ ကော်မတီရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂-၃ပုံထက်မကျော်ရ)

၈။ ကျေးရွာအချက်အလက် (ပုံစံ - ၁ )

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂ )

၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃ )

၁၁။ အစည်းအဝေးမှတ်တမ်း


၁၂။ လျာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# ဝဲကြီး(ကရင်)ကျေးရွာ တည်နေရာပြမြေပုံ



# ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ

ဝဲကြီးကျေးရွာအုပ်စုတွင်ကျေးရွာပေါင်း(၆)ရွာပါဝင်သည်။ ၎င်းတို့မှာ

(၁) ဝဲကြီး(ကရင်)


(၂) ဝဲကြီး(ဗမာ)

(၃) မြင်သာယာ

(၄) သစ်ချဆိပ်

(၅) တိုင်ပင်

(၆) ဖိုးသောင်းစု တို့ဖြစ်ပါသည်။



ဝဲကြီး(ကရင်)ကျေးရွာ အရင်းအမြစ်ပြမြေပုံ
= အိမ်
= လမ်းမကြီး
= ရွာလမ်း
= တံတား
= သင်္ချိုင်း
= ချပ်ကျောင်း/ခရစ်ယာန်
= စာသင်ကျောင်း
= အင်း
ဝဲကြီးအင်း

# ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ၏ ကျေးရွာသမိုင်းကြောင်းနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ဝဲကြီး(ကရင်)ကျေးရွာသည် ကျောက်ကြီးမြို့နယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က ကရင်လူမျိုးများတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဝဲကြီးကျေးရွာသည် စစ်တောင်းမြစ် ကမ်းနဖူးပေါ်တွင် တည်ရှိသည်။ မြစ်ထဲတွင် အင်မတန်မှ ကြီးမားသော စုပ်ဝဲကြီး(၂)ခု တည်ရှိသည်။ ထိုစုပ်ဝဲကြီးကို အစွဲပြု၍ ဝဲကြီးကျေးရွာဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

၁၉၉၄ခုနှစ်ခန့်တွင် ဝဲကြီးကျေးရွာသည် ခေတ်အခြေအနေ မကောင်းသောကြောင့် ငထွေစုပ်နှင့် မိဿလင်ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါသည်။ ၁၉၉၇ခုနှစ်ခန့်တွင် ဗိုလ်ငချမ်းဘူး၏ခွင့်ပြုချက်ဖြင့် မိမိတို့အိမ်၊ ခြံမြေများသို့ ပြန်လည်၍ နေထိုင်ခွင့်ရခဲ့ကြရပါသည်။ ကချင်(ပထမတပ်) တပ်ဦးဖြစ်သော ဗိုလ်ဟဲရားကလည်း ရွာတွင်းပတ်လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့သည်။

ဝဲကြီး(ကရင်)ကျေးရွာသည် ပင်မရွာကြီးဖြစ်သည်။ နောက်ပိုင်းတွင် ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ ဝဲကြီးရွာတွင်းသို့ ဗမာ၊ ကုလားများဝင်ရောက်ကာ နေထိုင်လာကြသည်။ နောက်ပိုင်းတွင်ဝဲကြီးရွာသည် ဝဲကြီးကရင်နှင့် ဝဲကြီးဗမာရွာဟူ၍ ကွဲထွက်လာသည်။

ဝဲကြီး(ကရင်)ကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ကြပါသည်။ ကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ အိမ်ထောင်စုပေါင်း(၁၆၈)နေထိုင်ကြပြီး အမျိုးသမီးဦးစီးသော အိမ်ထောင်စုမှာ (၄၀)ရှိကြောင်း သိရပါသည်။ လူဦးရေမှာ (၈၆၂)ဦးရှိပြီး အမျိုးသား(၃၈၅)ဦး၊ အမျိုးသမီး(၄၇၇)ဦးရှိကြောင်းသိရပါသည်။

ဝဲကြီးကျေးရွာသည် အုပ်စုရွာဖြစ်သောကြောင့် ရွာပေါင်း (၆)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းကျေးရွာများမှာ သစ်ချဆိပ်၊ တိုင်ပင်၊ ဖိုးသောင်းစု၊ ဝဲကြီး(ကရင်)၊ ဝဲကြီး(ဗမာ)နှင့် မြင်သာယာတို့ဖြစ်ကြပါသည်။

## သောက်သုံးရေ

ဝဲကြီး(ကရင်)ကျေးရွာတွင် သောက်သုံးရေအဖြစ် လက်နှိပ်တုံကင်များနှင့် ရေတွင်းများကိုသာ အသုံးပြုကြရပါသည်။ အဆင့်မှီ သောက်သုံးရေအမျိုးအစား မဟုတ်သော်လည်း တက်နိုင်သောငွေကြေးဖြင့် ရရှိသောရေအနေအထားတွင် ကျေနပ်စွာအသုံးပြုနေကြရပါသည်။ သို့သော်လည်း ရေရှားပါးခြင်းများမရှိပေ။

## လမ်းပန်းဆက်သွယ်ရေး

ဝဲကြီးကျေးရွာ၏ လမ်းအနေထားမှာ မြေသားလမ်းများဖြစ်၍ မိုးတွင်းအခါ သွားလာရေးမှာလည်းအလွန်ပင် ခက်ခဲကြောင်းတွေ့ရပါသည်။ ရွာသူ/သားများကလည်း သွားလာရေး အဆင်ပြေစေရန်အတွက် ကွန်ကရစ်လူသွားလမ်းကျဉ်းလေးကို အနည်းငယ်သာခင်း၍ ကိုယ်ထူကိုယ်ထလုပ်ဆောင်ကာတက်နိုင်သည့်ငွေကြေးဖြင့်ဆောင်ရွက်ကြရပါသည်။ကျန်ရှိနေသောမြေသားလမ်း တို့မှာမိုးတွင်းအခါမကောင်းသောကြောင့် ကလေးများ ကျောင်းသွားရာတွင်လည်း အခက်အခဲများစွာရှိပါသည်။ (၂၀၁၆)ခုနှစ် ပထမနှစ်စီမံကိန်း စက်ဝန်းတွင်လည်း ဝဲကြီး (ကရင်)ကျေးရွာတွင်းရှိ လမ်းများကို ကွန်ကရစ်ဆိုင်ကယ်ဘီးလမ်းများ အဖြစ်ခင်းပေးခဲ့ပါသည်။ ၂၀၁၇ခုနှစ် ဒုတိယစက်ဝန်းတွင်လည်း ကွန်ကရစ်မြောင်းကူး တံတားကို စီမံကိန်းမှ ဆောင်ရွက်ပေးခဲ့ပါသည်။ ယခုအချိန်တွင် ဝဲကြီး(ကရင်)ကျေးရွာတွင်း၌ သွားလာရေးမှာလည်း အတော်အသင့် ကောင်းမွန်နေကြောင်း တွေ့ရပါသည်။

## ပညာရေး

ဝဲကြီး(ကရင်)နှင့် ဝဲကြီး(ဗမာ)ရွာတွင် မူလွန်စာသင်ကျောင်း တစ်ကျောင်းသာရှိပါသည်။ သွပ်မိုးပျဉ်ကာ၊ မြေတံရှည် ကျောင်းတစ်ကျောင်းနှင့် တိုက်ခံသွပ်မိုး၊ တစ်ထပ်ကျောင်း တစ်ကျောင်းသာရှိပါသည်။ ကျောင်းသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာသောကြောင့် စာသင်ဆောင် မလုံလောက်ခြင်းများ ဖြစ်ပေါ်နေရပါသည်။ ၂၀၁၆/၁၇ ပညာသင်နှစ်တွင် မူလွန်စာသင်ကျောင်းအဖြစ် တိုးမြှင့်လိုက်သောကြောင့် ကလေးများ နေထိုင်စရာ နေရာထိုင်ခင်းများမရှိတော့ပေ။ ၂၀၁၈ခုနှစ် တတိယနှစ် စက်ဝန်းတွင်လည်း စီမံကိန်းမှ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ရွာသားများမှတင်ပြတောင်းခံ ထားကြောင်း သိရှိရပါသည်။

## စီးပွားရေး

ဝဲကြီး(ကရင်)ကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်လုပ်ငန်းနှင့်ကိုင်းလုပ်ငန်းများ ဖြစ်ကြပါသည်။ ဝဲကြီး(ကရင်)ကျေးရွာတွင် ကျပန်းအလုပ်သမားအများစု နေထိုင် ကြပါသည်။ မိုးတွင်းအခါ ရေကြီးရေလျှံမှုများသောကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုများ ရှိကြောင်းတွေ့ရပါ သည်။

## အနှစ်ချုပ် ပြဿနာ

ဝဲကြီး(ကရင်)ကျေးရွာ၏ အနှစ်ချုပ်ပြဿနာမှာ ရွာချင်းဆက်လမ်းမကောင်းသည့် အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် အခက်အခဲများစွာရှိပါသည်။ လယ်၊ ကိုင်းလုပ်ငန်းများအတွက် ထိရောက်သော နည်းပညာအကူအညီများစွာ လိုအပ်ကြောင်း တွေ့ရပါသည်။ အလုပ်အကိုင်ရှားပါးသောကြောင့် စားဝတ်နေရေး ခက်ခဲကြောင်းတွေ့ရပါ သည်။

**ပံ့ပိုးကူညီသူ - ဒေါ် ဇာလီထွန်း၊ဒေါ် ခင်မြတ်လေးခိုင်**

**ပါဝင်ဆွေးနွေးသူ - ရွာသူ/သားများ**

# ဓနအင်အားသက်မှတ်ခြင်း

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၂၂ . ၂ . ၂၀၁၈

အုပ်စု - ဝဲကြီး

| အမျိုးအစား | သက်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ကေ(၃၀)၊နွား(၄)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊စပါးချွေစက်၊စပါးရိတ်စက်၊တိုက်ခံအိမ်(၂)ထပ်တို့ကိုပိုင်ဆိုင်ထားကြပြီးငွေပိုငွေလျှံရှိသူ | ၈ | ၅% |
| အလယ်အလတ် | လယ်ကေ(၅)၊နွား(၂)ကောင်၊ခွေးကုတ်၊လှည်း၊ဂွန်ဒေါင်း၊လယ်ထွန်စက်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၁၅ | ၈% |
| နွမ်းပါး | လုံးစွပ်အိမ်၊ခြံ၊သက်ငယ်မိုး၊ထရံကာ၊စက်ဘီး၊ | ၁၀၀ | ၆၀% |
| အနွမ်းပါးဆုံး | ဝါး၊တဲအိမ်သက်ငယ်မိုး၊ခြံမရှိသက်ငယ်ကာအိမ် | ၄၅ | ၂၇% |
| စုစုပေါင်း | | ၁၆၈ | ၁၀၀% |

## ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဝဲကြီး(ကရင်) ကျေးရွာ ဓနအင်အားသက်မှတ်ခြင်း သုံးသပ်ချက်

**ကျေးရွာ-ဝဲကြီး(ကရင်)** **ရက်စွဲ - ၂၂ . ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

ဝဲကြီး(ကရင်)ကျေးရွာတွင် ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စု၊ နွမ်းပါးအုပ်စုနှင့် အနွမ်းပါးအုပ်စုဟူ၍ အုပ်စု(၄)မျိုး ရှိပါသည်။ လယ်ကေ(၃၀)၊ နွား(၄)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ စပါးချွေစက်၊ စပါးရိတ်စက်၊ တိုက်ခံအိမ်(၂)ထပ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေပိုငွေလျှံရှိသောသူများကို ချမ်းသာ အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၈)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၅%)ရှိပါသည်။

လယ်ကေ(၅)၊ နွား(၂)ကောင်၊ ခွေးကုတ်၊ လှည်း၊ ဂွန်ဒေါင်း၊ လယ်ထွန်စက်၊ ဆိုင်ကယ် ပျဥ်ထောင် သွပ်မိုးအိမ်တို့ကို ပိုင်ဆိုင်ကြပြီး ငွေကြေးပြေလည်သူများကို အလယ်အလက်အုပ်စုအဖြစ် သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၁၅)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၈%)ရှိပါသည်။

လုံးစွပ်အိမ်၊ သက်ငယ်မိုး၊ ထရံကာ၊ စက်ဘီး၊ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စုအဖြစ်သက်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၁၀၀)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၆၀%)ရှိပါသည်။

ဝါးအိမ်၊ ယင်းကာ လက်လုပ်လက်စားရှိသူများကို နွမ်းပါးအုပ်စု အဖြစ်သတ်မှတ်သည်။ တစ်ရွာလုံးတွင် အိမ်ခြေပေါင်း (၄၅)အိမ်ရှိသဖြင့် ရာခိုင်နူန်းအားဖြင့် (၂၇%) ရှိပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**

**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဝဲကြီး(ကရင်) ကျေးရွာ**
**အရင်းအမြစ် အသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်း သုံးသပ်ချက်**

**ကျေးရွာ-ဝဲကြီး(ကရင်)** **ရက်စွဲ - ၂၂. ၂ .၂၀၁၈**

**အုပ်စု - ဝဲကြီး**

ဝဲကြီး(ကရင်)ကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ဂက်၊ အပ်ချုပ်စက်၊ လယ်၊ လှည်း၊ နွား/ကျွဲ၊ စပါးချွေစက် ၊ ဆန်စက် တို့ရှိပါသည်။ ထိုအရင်းအမြစ်နှင့်ပါတ်သတ်၍ အိမ်၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ ဂက်၊ အပ်ချုပ်စက် များကို အမျိုးသမီးများက အသုံးပြုကြပြီး လယ်၊ လှည်း၊ ကျွဲ/နွားနှင့် စပါးချွေ စက်၊ ဆန်စက်ကို အမျိုးသားများက အသုံးပြုကြပါသည်။

ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားတို့သည် အိမ်၊ ခြံ၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်၊ လှည်း၊ နွား/ကျွဲကို အတူတကွ ထိန်းချုပ်ကြပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်းချုပ်ကြပါသည်။

**ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း**
**ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ**

# ကျားမရေးရာအရင်းအမြစ်

ကျေးရွာ-ဝဲကြီး(ကရင်) ရက်စွဲ - ၂၂ . ၂ .၂၀၁၈

အုပ်စု - ဝဲကြီး

| ကျေးရွာ အရင်းအမြစ် | အရင်းအမြစ်များအသုံးပြုမှု | | | အရင်းအမြစ်များထိန်းချုပ်မှု | | |
|---|---|---|---|---|---|---|
| | ကျား | မ | ကျား+မ | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | ✦ | | | | | ✦ |
| ကျွဲ/နွား/လှည်း | ✦ | | | | | ✦ |
| ကြက်/ဝက် | | ✦ | | | ✦ | |
| အိမ်/ခြံ | | | ✦ | | | ✦ |
| ဆန်စက် | ✦ | | | ✦ | | |
| စက်ဘီး/ဆိုင်ကယ် | | | ✦ | | | ✦ |
| အပ်ချုပ်စက် | | ✦ | | | ✦ | |
| လယ်ထွန်စက် (အသေး) | ✦ | | | ✦ | | ✦ |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ဝဲကြီးကျေးရွာအုပ်စု၊

ဝဲကြီး(ကရင်)ကျေးရွာ၏ ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ- ဝဲကြီး(ကရင်) ရက်စွဲ - ၂၂.၂.၂၀၁၈

အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်၊ ကိုင်းနှင့် ကျဘမ်းလုပ်ငန်းများဖြစ်၍ ရာသီအလိုက် သင့်လျော်သလို လုပ်ကိုင်စားသောက်ကြရသည်။ တန်ခူးလတွင် နေပူ၍ ပွဲတော်အဖြစ် သင်္ကြန်ပွဲတစ်ခုသာရှိပါသည်။ လယ်လုပ်ငန်းဝင်ရန်အတွက် ပြင်ဆင်နေသောအချိန်ကာလလည်းဖြစ်သည်။ ကဆုန်လတွင် ပွဲတော်အဖြစ် ညောင်ရေသွန်းပွဲကျင်းပလေ့ရှိသည်။ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် မိုးဖြိုင်ဖြိုင် ရွာသွန်းပြီဖြစ်၍ လယ်ယာလုပ်ငန်းများကို အားသွန်ခွန်စိုက် အလုအယက် စိုက်ပျိုးနေသော အချိန်ကာလလည်း ဖြစ်သည်။ တစ်ဖက်တွင် ရေလုပ်ငန်း လုပ်ကိုင်ကြသူများမှာ ကွန်ပစ်ခြင်း၊ ပိုက်ချခြင်းများကို လုပ်ကိုင်ကြသည်။ ထိုအချိန်ကာလသည် သွေးလွန်တုပ်ကွေး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသောအချိန်ကာလ ဖြစ်သည်။ ကျေးရွာတွင် မည်သည့်ပွဲမှ မရှိပါ။

တော်သလင်းလတွင်ရေများသည် ကမ်းလုံးပြည့်လျှံ၍ရေကြီးသောအချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် မိုးအနည်းငယ်သာ ရွာသွန်းသည်။ ကဆုန်၊ နယုန်လက စိုက်ပျိုးခဲ့သော စပါးများကို ရိတ်သိမ်းသောအချိန်ကာလလည်း ဖြစ်သည်။ သီတင်းကျွတ်လတွင် ပွဲတော်အဖြစ် မီးထွန်းပွဲကျင်းပခြင်း ရှိပါသည်။ တစ်ဖက်တွင်လည်း ကိုင်းလုပ်ငန်းများ လုပ်ကိုင်ရန်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။

တန်ဆောင်မုန်းလတွင် မိုးလေကင်းလွတ်ပြီ ဖြစ်သည်။ ကိုင်းလုပ်ငန်းဖြစ်သော ပဲစိုက်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေကြသည်။ ထို့အပြင်

ခရစ်စမတ်ပွဲတော်ကိုလည်းကျင်းပကြသည်။ ပြာသိုလတွင် (ကရင်) နှစ်သစ်ကူး ပွဲတော်ကိုလည်း ကျင်းပသည်။ ပြာသိုနှင့် တပို့လများတွင် အစောစိုက်စပါးများကို ရိတ်သိမ်းနေကြသည်။ ဝင်ငွေများစွာ ရှိသော အချိန်လည်း ဖြစ်သည်။

## ပြဿနာအနှစ်ချုပ်

အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် တစ်နှစ်တာဝင်ငွေလုံလောက်မှု မရှိပါ။လူမှုရေး၊ကျန်းမာရေး၊စားသောက်ရေးအခက်အခဲများရှိသည်။ဝင်ငွေနည်းပါးခြင်းတို့ကြောင့်အမျိုးသမီးများ၏ အိမ်တွင်းမှု စီမံခန့်ခွဲရာတွင် အခက်အခဲများ ရှိပါသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ရာသီခွင်ပြက္ခဒိန်

ကျေးရွာ - ဝဲကြီး(ကရင်)

အုပ်စု - ဝဲကြီး

ရက်စွဲ - ၂၂. ၂ . ၂၀၁၈


| လုပ်ငန်းများ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လယ်၊ ကောက်စိုက် | | ★ | ★★ | ★★★ | ★★★ | ★ | ★ | ★★ | ★★★ | ★★ | ★ | |
| ကိုင်းပဲရိတ် | | | | | | | ▲ | ▲▲ | ▲▲▲ | ▲▲▲ | | |
| အင်းလုပ်ငန်း | ♥♥♥ | | | | | ♥ | | | | | ♥ | ♥♥ |
| ဝင်ငွေကောင်းချိန် | ↷↷ | | | ↷↷ | ↷↷ | | ↷ | ↷↷ | ↷↷↷ | ↷↷ | ↷ | ↷ |
| ပွဲတော်ချိန် | ☺ | ☺ | | | | ☺ | ☺ | ☺ | ☺ | | | |
| ကျဘမ်း | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ | ✸ |

# ဖွဲ့စည်းချိတ်ဆက်မှု

ကျေးရွာ - ဝဲကြီး(ကရင်)

အုပ်စု - ဝဲကြီး

ရက်စွဲ - ၂၂. ၂ .၂၀၁၈




ဦးဆောင်ဆွေးနွေးသူ- ဒေါ်ဇာလီထွန်း၊ဒေါ်ခင်မြတ်လေးခိုင်

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# ဖွဲ့စည်းချိတ်ဆက်မှုသုံးသပ်ချက်

ကျေးရွာ- ဝဲကြီး(ကရင်) ရက်စွဲ - ၂၂.၂.၂၀၁၈

အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာတွင် အဖွဲ့အစည်းများစွာ ရှိပါသည်။ ထိုအဖွဲ့အစည်းများမှာ ရပ်မိရပ်ဖ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ အတွင်းရေးမှူး၊ အသင်းတော်လူငယ်အဖွဲ့၊ ဂေါပက၊ ကြက်ခြေနီအဖွဲ့နှင့် CDDကော်မတီအဖွဲ့တို့ ဖြစ်ပါသည်။ အဖွဲ့အစည်းများအားလုံးကို ကျေးရွာအတွက် အဓိကကျသော အဖွဲ့ အစည်းများအဖြစ် သက်မှတ်သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်CDD၊ KNU၊ ရဲစခန်း၊ မြို့နယ်သာသနာအဖွဲ့တို့သည် ကျေးရွာပြင်ပတွင်ရှိသော အဖွဲ့အစည်းများဖြစ်ကြသည်။

ရွာတွင်းအဖွဲ့အစည်းများနှင့် ပြင်ပအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုများစွာရှိကြောင်း သိရှိရပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခဖြစ်ပွားမှု မရှိကြောင်း သိရှိရပါသည်။

# ပြဿနာအနှစ်ချုပ်

**အဖွဲ့အစည်းအသီးသီးနှင့်ပက်သက်မှုရှိသော်လည်းဗဟုသုတနည်းပါးသောကြောင့်ချိတ်ဆက်မှုအားနည်းသည်ကိုတွေ့ရသည်။**

ဦးဆောင်ဆွေးနွေးသူ-ဒေါ် ခင်မြတ်လေးခိုင်၊ဒေါ် ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

ကျေးရွာ ---ဝဲကြီး-------


ကျေးရွာအုပ်စု --ဝဲကြီး (ကရင်)--

ရက်စွဲ ။ ၂၂ - ၂ - ၂၀၁၈

**ပင့်ကူအိမ်ပုံစံ – ကျား + မ**

က - —

မ - —



# ပင့်ကူအိမ်ပုံသုံးသပ်ချက်

ကျေးရွာ-ဝဲကြီး(ကရင်)　　　　　　　ရက်စွဲ - ၂၂. ၂ .၂၀၁၈
အုပ်စု - ဝဲကြီး

ဝဲကြီး(ကရင်)ကျေးရွာတွင် ဘာသာရေးနှင့် ရပ်ရေးရွာရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။ လုပ်ရသောလုပ်ငန်းများမှာ တူညီမှုမရှိပေ။ မျိုးသားများနှင့် အမျိုးသမီးများ ခွဲခြားမှုမရှိပေ။

အမျိုးသားများသည် စီးပွားရေးလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေရသောကြောင့် ဝင်ငွေများစွာရရှိပြီး အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နိုင်မှု အားနည်းသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို ဆောင်ရွက်လုပ်ကိုင်နေရသောကြောင့် အပြင် စီးပွားရေးကို ထွက်မလုပ်နိုင်သဖြင့် အမျိုးသားများ ဝင်ငွေများစွာ ရရှိအောင် မစွမ်း ဆောင်နိုင်ပေ။ အမျိုးသမီးများသည် ရာသီအလိုက် ပေါ်ပေါက်လာသော လုပ်ငန်းများ ကိုသာ လုပ်ကိုင်နေရပါသည်။ အမျိုးသမီးများသည် အချိန်မတော်သွား လာရခြင်း၊ အင်အားကို အဆမတန်အသုံးပြုရခြင်းတို့ကြောင့် အလုပ် လုပ်ကိုင်မှု နည်းပါးလာသည်။

ပညာရေးနှင့်ပက်သက်၍ တန်းတူ ပညာသင်ကြားခွင့် ရှိသည်။ ဆုံးဖြတ်ချက် ချရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ဖြတ်ထိုးဉာဏ်ကောင်းသောကြောင့် ဆုံးဖြတ်ချက်ချမှု၊ ဦးဆောင်နိုင်မှု များပြားသည်။ လုပ်အားခ ရရှိမှုမှာလည်း တူညီသည်။

ဦးဆောင်ဆွေးနွေးသူ- ဒေါ်ခင်မြတ်လေးခိုင်၊ဒေါ်ဇာလီထွန်း

ပါဝင်ဆွေးနွေးသူ- ကျေးရွာသူ/ သားများ

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်လုပ်ငန်းစဉ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၄.၂.၁၈ | ရွာသူရွာသားများ | ၇ | ၃၀ | ၃၇ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်းရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၄.၂.၁၈ | ရွာသူရွာသားများ | ၇ | ၃၀ | ၃၇ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၁၄.၂.၁၈ | ရွာသူရွာသားများ | ၇ | ၃၀ | ၃၇ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၁၉.၂.၁၈ | ရွာသူရွာသားများ | ၅ | ၃၅ | ၄၀ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |



ဝဲကြီး(ကရင်)ကျေးရွာ ပထမနှင့်ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး





ဝဲကြီး(ကရင်)ကျေးရွာ ပထမနှင့်ဒုတိယအကြိမ် ကျေးရွာအစည်းအဝေး

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးဆောင်ရီဝါ | ၀၉- 250713365 | ဒေါ်ခင်မြတ်လေးခိုင် |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ဝါကြီး | ကျေးရွာ ဝါကြီး (ကရင်) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၆၈ | ဘာသာ (၁) ဗုဒ္ဓ | ၅၀ |
| လူမျိုးစု (၂) ကရင် | | ဘာသာ (၂) ခရစ်ယာန် | ၁၁၆ |
| လူမျိုးစု (၃) ကရင် | | ဘာသာ (၃) အစ္စလာမ် | ၂ |
| လူမျိုးစုရော | | ဘာသာရော | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁၀ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၈၆၂ | ၃၈၅ | ၄၇၇ |
| လူမျိုးစု (၁) ဗုဒ္ဓ | ၁၁၃ | ၁၂၀ |
| လူမျိုးစု (၂) ခရစ်ယာန် | ၂၆၇ | ၃၅၃ |
| လူမျိုးစု (၃) အစ္စလာမ် | ၅ | ၄ |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၃၇ | ၃၁ |

(ဓ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလွန်ကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် ဝကြီး (ကရင်) နှင့် ဝကြီး (ဗမာ) တွင် စာသင်ကျောင်းတစ်ကျောင်းသာရှိပြီး။ | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　　ကတ္တရာလမ်း　　ကွန်ကရစ်လမ်း　　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　　မြေသားလမ်း　　လူသွားလမ်း　　အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--0---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် ---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

မိုးရာသီတွင်ကြာချိန် ---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---------------------------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်

အမည် ဦး ဆော်ရီးဝါး

လက်မှတ် နေ့ ၁၄.၂.၁၈

လူထုစည်းရုံးရေးမှူး

အမည် ဒေါ်ခင်မြတ်လေးနိုင်

လက်မှတ် နေ့စွဲ ၁၄.၂.၁၈

# ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ခင်မြတ်လေးနိုင် | | |
| နေ့စွဲ | ၂၂.၂.၁၈ | စက်ဝန်းအားအမှတ်ခြစ်ပါ | □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓ စက်ဝန်း(၃) □ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း | ပဲခူးတိုင်း | မြို့နယ် | ကျောက်ကြီး |
| ကျေးရွာအုပ်စု | ဝဲကြီး | ကျေးရွာ | ဝဲကြီး (ကရင်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂.၂.၁၈ | ၂၂.၂.၁၈ | ၄၁ | ၈၂ | ၁၂၃ | ကရင် ၁၂၃ | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၂.၁၈ | ၂၂.၂.၁၈ | ၄၁ | ၈၂ | ၁၂၃ | ကရင် ၁၂၃ | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၀.၃.၁၈ | ၂၀.၃.၁၈ | ၂၈ | ၅၆ | ၈၄ | ကရင် ၈၄ | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၀.၃.၁၈ | ၂၀.၃.၁၈ | ၂၈ | ၅၆ | ၈၄ | ကရင် ၈၄ | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၈.၂.၁၈ | ၂၈.၂.၁၈ | ၄ | ၆ | ၁၀ | ကျပ် | ၁၀ | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၈.၂.၁၈ | ၂၈.၂.၁၈ | ၄ | ၆ | ၁၀ | ကျပ် | ၁၀ | | |
| ၆.၄။ မြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၂၀.၃.၁၈ | ၂၀.၃.၁၈ | ၂၈ | ၅၆ | ၈၄ | ကျပ် | ၈၄ | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လွှဲထုတ်စစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြတ်လေးခိုင် | | | | | |
| နေ့စွဲ ၂၂.၂.၁၈ | | | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | | ကျေးရွာအုပ်စု | | ကျေးရွာ ဝါကြီး(ကရင်) |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းမကောင်းသောကြောင့် သွားလာရန်ခက်ခဲခြင်း။ | ၁ | ကျောင်းသားဦးရေများပြားသောကြောင့် ကလေးများပညာသင်ကြားရာတွင်ခက်ခဲခြင်း။ |
| ၂ | ဆေးခန်းမရှိသောကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေတွင် ကုသရန်ခက်ခဲခြင်း။ | ၂ | လမ်းမကောင်းသောကြောင့် သွားလာရန်ခက်ခဲခြင်း။ |
| ၃ | ဘုန်းကရင့်လမ်းကျဉ်းသောကြောင့် သွားလာရေးအဆင်မပြေခြင်း။ | ၃ | ကျောင်းအိမ်သာမလုံလောက်သောကြောင့် ကလေးများဝမ်းရောဂါဖြစ်ပွားခြင်း။ |
| ၄ | ကျောင်းဆောင်မလုံလောက်သောကြောင့် ပညာသင်ကြားရာတွင် ခက်ခဲခြင်း။ | ၄ | လျှပ်စစ်မီးမရှိသောကြောင့် လူနေမှုနိမ့်ပါးခြင်း။ |
| ၅ | | ၅ | ဘက်စုံသုံးခန်းမမရှိသောကြောင့် အစည်းအဝေးများပြုလုပ်ရာတွင်ခက်ခဲခြင်း။ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်းကောင်းမွန်လျှင် သွားလာရေးအဆင်ပြေမည်။ | ၁ | စာသင်ကျောင်းဆောင်လုံလောက်လျှင် ကလေးများပညာသင်ကြားရာတွင်အဆင်ပြေမည်။ |
| ၂ | ဆေးခန်းရှိလျှင် အရေးပေါ်ကျန်းမာရေးအခြေအနေတွင်ကုသရန် အဆင်ပြေမည်။ | ၂ | ရွာချင်းဆက်လမ်းကောင်းမွန်လျှင် သွားလာရေးအဆင်ပြေမည်။ |
| ၃ | ဘုန်းကရင့်လမ်းတိုးချဲ့လျှင် သွားလာရေးအဆင်ပြေမည်။ | ၃ | ကျောင်းအိမ်သာရှိလျှင် ကလေးများဝမ်းရောဂါဖြစ်ပွားမှုလျော့နည်းမည်။ |
| ၄ | စာသင်ဆောင်လုံလောက်လျှင် ကလေးများပညာသင်ကြားရာတွင်အဆင်ပြေမည်။ | ၄ | ဘက်စုံသုံးခန်းမရှိလျှင် အစည်းအဝေးကို အချိန်မရွေးပြုလုပ်နိုင်မည်။ |
| ၅ | | ၅ | လျှပ်စစ်မီးရှိလျှင် လူနေမှုအဆင်ပြေလာမည်။ |

| | | | |
|---|---|---|---|
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | စာသင်ကျောင်း၊ ဆောင်သစ် ဆောက်လုပ်ခြင်း | ၃ + ၆ | ၁၉၀၀၀၀၀၀ | ရှိ |
| ၂ | ဒိုက်ကန်လမ်းတိုးချဲ့ခြင်း | ၃ | ၉၀၀၀၀၀၀ | ရှိ |
| ၃ | ကျောင်း အိမ်သာ | ၆ | ၂၇၀၀၀၀၀ | ရှိ |
| ၄ | ရေပေးခန်း | ၃ | ၆၀၀၀၀၀၀ | ရှိ |
| ၅ | လျှပ်စစ်မီး | ၆ | ၂၀၀၀၀၀၀၀ | ရှိ |
| ၆ | ဘက်စုံသုံးခန်းမ | ၆ | ၁၅၀၀၀၀၀၀ | ရှိ |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

sector မသိရ other

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | ၆ | ဘာသာရေးဓမ္မကျောင်း |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် နော်ဒက်ဆောဝင်း လက်မှတ် ........ နေ့စွဲ ၂၂-၂-၁၈

စောကျော်ဒန်

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ (၂၂)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ဝဲကြီး(ကရင်)ကျေးရွာ သာသနာခန်းမ၌ ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမအကြိမ်နှင့်ဒုတိယအကြိမ် ကျေးရွာ အစည်းအဝေး။

၁။ အစည်းအဝေးတက်ရောက်သူများ

အောက်ပါပုဂ္ဂိုလ်များအစည်းအဝေးတက်ရောက်ကြပါသည်။

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်ဇာလီထွန်း | လက်ထောက်နည်းပညာမှူး |
| ၂။ | ဒေါ်ခင်မြတ်လေးခိုင် | လူထုစည်းရုံးရေးမှူး |
| ၃။ | ကော်မတီဝင် | PC 12 |

၂။ ရည်ရွယ်ချက်

စီမံကိန်းအကြောင်း မိတ်ဆက်ခြင်းနှင့် ကျေးရွာတွင်းရှိ ကော်မတီဝင်များအား ပြန်လည် ရွေးချယ်နိုင်ရန်။

၃။ ဆွေးနွေးခြင်း

အစည်းအဝေးအခမ်းအနားတွင် အဖွင့်အမှာစကားအဖြစ် အုပ်စုအုပ်ချုပ်ရေးမှူး ဦးဆော်ရီးဝါးမှ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ စီမံကိန်းဝန်ထမ်းများမှ မိတ်ဆက်စကား ပြောကြားပြီး စီမံကိန်းရည်ရွယ်ချက်၊ ဝေဖန်အကြံပြုနှင့်သက်ဆိုင်သော အကြောင်းအရာများ ကျား-မ ရေးရာအကြောင်းအရာများကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြတ်လေးခိုင်မှ ကျေးရွာ လူထု သဘောပေါက်နားလည်အောင် အကျယ်တဝင့် ရှင်းပြခဲ့ပါသည်။

ဆက်လက်၍ စီမံကိန်းလုပ်ဆောင်ရန်အတွက် အရေးကြီးသောဆောင်ရန်/ရှောင်ရန်၊ အကျုံးဝင်သော စီမံကိန်းလုပ်ငန်းခွဲများနှင့် အကျုံးမဝင်သော စီမံကိန်းလုပ်ငန်းခွဲများ၊ အကာအကွယ်များအကြောင်းကို လက်ထောက်နည်းပညာမှူး ဒေါ်ဇာလီထွန်းမှ ပြောကြားခဲ့ ပါသည်။

စေတနာ့ဝန်ထမ်း လုပ်ဆောင်ရမည် ကော်မတီဝင်၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီးနောက် စေတနာ့ဝန်ထမ်း(၂)ဦးကို ဦးစွာရွေးချယ် ခဲ့ပါသည်။ ထို့နောက် ကျေးရွာလူထု ကို အုပ်စုများခွဲ၍ PRAများ ပြုလုပ်ခဲ့ကြပါသည်။ ကျေးရွာအတွက် အမျိုးသားအဖွဲ့နှင့် အမျိုးသမီးအဖွဲ့အတွက် အဓိကလိုအပ်သော အခက်အခဲနှင့် မျှော်မှန်းချက်များကို

ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ထိုအခက်အခဲနှင့် မျှော်မှန်းချက်များ ပေါ်မူတည်၍ ဦးစားပေး လုပ်ငန်းများကို ဆက်လက်၍ ရွေးချယ်နိုင်ခဲ့ကြပါသည်။

ထို့နောက် ကော်မတီဝင်များကို ကျေးရွာလူထုသဘောကျ ဆက်လက်၍ ရွေးချယ်ခဲ့ကြပါသည်။

၄။ဆုံးဖြတ်ချက်

ကျေးရွာအတွက်လိုအပ်သော ဦးစားပေးလုပ်ငန်းကို သဘောတူ ရွေးချယ်ခြင်း။ ကျေးရွာလူထု စိတ်တိုင်းကျ ကော်မတီဝင်များကို သဘောတူရွေးချယ်ခဲ့သည်။

၅။ အစည်းအဝေးပြီးဆုံးချိန်

ဆက်လက်ဆွေးနွေးရန် မရှိသောကြောင့် အစည်းအဝေးကို နေ့လည်(၄း၁၁)အချိန်တွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မြတ်လေးခိုင်
လူထုစည်းရုံးရေးမှူး

စာအမှတ်( ၁ ) CDD ဝဲကြီးကျေးရွာအုပ်စု၊ ဝဲကြီး(ကရင်)ကျေးရွာ (ဝက)။

ရက်စွဲ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ( ၂၂ )ရက်။

ဖြန့်ဝေခြင်း
မိတ္ထူကို ကျေးရွာ
ရုံး

# ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## ဝဲကြီး(ကရင်)ကျေးရွာ ကဏ္ဍအလိုက် ဦးစားပေး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမည် | အဆိုပြုသူ | | | ခုနှစ် | ဆောင်ရွက်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|---|---|
| | | | က | မ | က+မ | | | |
| အခြေခံအဆောက်အအုံ | ၁။ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | | | က+မ | ၂၀၁၈ | ပညာရေးဌာန | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | ကွန်ကရစ်လမ်းတိုးချဲ့ခြင်း | က | | | ၂၀၁၈ | | လူထုဗဟိုပြုစီမံကိန်း |
| | ၃။ | ကျောင်းအိမ်သာ | | မ | | ၂၀၁၈ | ပညာရေးဌာန | လူထုဗဟိုပြုစီမံကိန်း |
| | ၄။ | ဘက်စုံသုံးခန်းမ | | မ | | ၂၀၁၈ | | |
| ကျန်းမာရေး | ၁။ | ဆေးပေးခန်း | က | | | ၂၀၁၈ | ကျန်းမာရေးဌာန | |
| လျှပ်စစ် | ၁။ | လျှပ်စစ်မီး | | မ | | ၂၀၁၈ | လျှပ်စစ်ဌာန | |
| အသက်မွေးဝမ်းကြောင်း | ၁။ | စက်ချုပ်သင်တန်း | | မ | | ၂၀၁၈ | | |